## ကျောင်းသူ/သားအချက်အလက်

| | |
|---|---|
| ကျောင်းသူ/သားအမည် နောက်ဆုံးတလုံး– | |
| ကျောင်းသူ/သားအမည် ပထမဆုံးတလုံး– | |
| အတန်း/ကျောင်းသားမှတ်ပုံတင်အမှတ်– | |

## စက်ပစ္စည်းကိရိယာအသုံးပြုရာတွင် မိဘ/အုပ်ထိန်းသူ၏ တာဝန်ဝတ္တရားများ

အိုမဟာအစိုးရကျောင်းများတွင် ၂၀၂၁–၂၀၂၂ ခုနှစ် စာသင်နှစ်၌ သင့်ကျောင်းသားအတွက် စက်ပစ္စည်းကိရိယာကို ပေးအပ်နိုင်ပါသည်။ စာရင်းသွင်းထားသော ကျောင်းသား၏မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူအနေနှင့် သင်က အောက်ဖော်ပြပါ စက်ပစ္စည်းကိရိယာအသုံးပြုမှု တာဝန်များကို အသိအမှတ်ပြုရပါမည်။ စက်ပစ္စည်းကိရိယာ အသုံးပြုရာတွင် မိဘ/အုပ်ထိန်းသူ၏ တာဝန်ဝတ္တရားများကို ဖတ်ရှုထားပြီး နားလည်သဘောပေါက်ပါကြောင်း ဖော်ပြရန်အတွက် **အောက်ပါအကွက်တိုင်းကို <u>ကျေးဇူးပြု၍ အမည်၏အစစာလုံးဖြင့်</u> ရေးထိုးပေးပါ**။

☐ **အချိန်ကာလ**– ကျောင်းသားများသည် အိုမာဟာအစိုးရကျောင်းများ၏ စက်ပစ္စည်းကိရိယာကို ကျောင်းအပ်ထားသော စာသင်နှစ်အတွင်း အသုံးပြုနိုင်ပါသည်။ ကျောင်းအပ်ထားချိန်ကုန်ဆုံးသောအခါ မိဘ/အုပ်ထိန်းသူကို အသိပေးချက်ပေးပို့ပြီး နှစ်ပတ်အတွင်း ညွှန်ကြားထားသည့်အညီ စက်ပစ္စည်းများကို ပေးအပ်သောအခါ အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည်။ စက်ပစ္စည်းများကို ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက မိဘ/အုပ်ထိန်းသူသည် အိုမာဟာအစိုးရကျောင်းများက စက်ပစ္စည်း တန်ဖိုးအပြည့်အဝနှင့် စက်ပစ္စည်း ပြန်လည်ရယူရေးအတွက် ရှေ့နေခနှင့် ဆက်စပ်ကုန်ကျစရိတ်များ ပေးရန်တာဝန်ရှိပါသည်။ မိဘ/အုပ်ထိန်းသူ သို့မဟုတ် ကျောင်းသားက ဤစက်ပစ္စည်းကိရိယာအသုံးပြုမှု တာဝန်ဝတ္တရားများ၊ ကျောင်းသား၏ လက်ခံနိုင်လောက်သော အသုံးပြုမှုနှင့် အင်တာနက်လုံခြုံရေး လမ်းညွှန်ချက်များ သို့မဟုတ် ကျောင်းသားကျင့်ဝတ်တစ်ခုခုကို ချိုးဖောက်သည်ဟု ယူဆရပါက အိုမာဟာအစိုးရကျောင်းများက ၎င်းပိုင်ဆိုင်မှုကို ရုတ်သိမ်းပိုင်ခွင့်ရှိပါသည်။

☐ **ပိုင်ဆိုင်မှု**– စက်ပစ္စည်းကိရိယာသည် အိုမာဟာအစိုးရကျောင်းများ၏ တစ်ဦးတည်းပိုင်ဖြစ်သည်။ ဤပိုင်ဆိုင်မှုကို မိဘ/အုပ်ထိန်းသူ သို့မဟုတ် ကျောင်းသားထံသို့ မည်သည့်အချိန်တွင်မဆို လွှဲပြောင်းပေးမည်မဟုတ်ပါ။

☐ **လိပ်စာအပြောင်းအလဲ–** စက်ပစ္စည်းကိရိယာသည် ကျောင်းသား၏ ကျောင်းဝင်ခွင့်ပုံစံ၌ ဖော်ပြထားသောလိပ်စာတွင် တည်ရှိရမည်။ လိပ်စာပြောင်းလဲပါက အိုမာဟာအစိုးရကျောင်းများသို့ စာဖြင့်အသိပေးချက် ပေးပို့ရမည်။

☐ **အခြေအနေ–** စက်ပစ္စည်းကိရိယာကို ထိခိုက်ဆုံးရှုံးမှုတစ်ခုခုဖြစ်လာပါက ဖြစ်ပျက်ပြီး ၃ ရက်အတွင်း သတင်းပို့ရန် မိဘ/အုပ်ထိန်းသူက သဘောတူရမည်။ မိဘ/အုပ်ထိန်းသူက သက်ဆိုင်ရာ ဆရာ/မထံသို့ အီးမေးလ် ဖြင့် အသိပေးရမည်။ စက်ပစ္စည်းကိရိယာ ထိခိုက်ဆုံးရှုံးမှုတစ်ခုခုဖြစ်ပေါ်လာပါက မိဘ/အုပ်ထိန်းသူကသာ တာဝန်ရှိပါသည်။ စက်ပစ္စည်းကိရိယာ ပျောက်ဆုံးခြင်း သို့မဟုတ် အခိုးခံရခြင်းရှိကြောင်း သတင်းပို့လာ ပါက ကျောင်းအဆောက်အဦးမှတဆင့် ရဲမှုခင်း သတင်းဌာနသို့ ပို့ရန် လုံခြုံရေးအရာရှိ သို့မဟုတ် ကျောင်းကိစ္စအရာရှိနှင့်အတူ ဆောင်ရွက်ရပါမည်။

**ထိန်းသိမ်းမှုနှင့် ပြုပြင်မှု–** မိဘ/အုပ်ထိန်းသူ သို့မဟုတ် ကျောင်းသားက စက်ပစ္စည်းကိရိယာကို ကိုင်ဆောင်ထားရှိစဉ်အတွင်း ထိန်းသိမ်းမှုနှင့် ပြုပြင်မှုတောင်းဆိုရန် တာဝန်ရှိပါသည်။ မိဘ/အုပ်ထိန်းသူ သို့မဟုတ် ကျောင်းသားက စက်ပစ္စည်းကိရိယာကို ပြုပြင်ရန် လိုအပ်ပါကြောင်း ကျောင်းဝန်ထမ်းကို အသိပေးရမည်။

**စက်ပစ္စည်းကိရိယာအသုံးပြုမှု–** မိဘ/အုပ်ထိန်းသူက အောက်ပါတို့ကို သဘောတူပါသည်။

1) စက်ပစ္စည်းကိရိယာကို အိုမာဟာအစိုးရကျောင်းများတွင် ကျောင်းအပ်ထားစဉ် ကျောင်းသား၏ ပညာရေးအတွက် အသုံးပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အခြား ရည်ရွယ်ချက် တစ်ခုခုအတွက် အသုံးမပြုရ။
2) ပေးထားသည့် ဆော့ဖ်ဝဲအပလီကေးရှင်းတိုင်းသည် ထိုဆော့ဖ်ဝဲအပလီကေးရှင်းနှင့် ပူးတွဲပါ လိုင်စင်(သို့) သဘောတူညီချက်တို့နှင့်သက်ဆိုင်မည်ဖြစ်ပြီး ၎င်းတို့နှင့်အညီ အသုံးပြုရမည်။
3) စက်ပစ္စည်းကိရိယာအသုံးပြုမှုအားလုံးသည် အိုမာဟာအစိုးရကျောင်းများ၏ကွန်ရက်/အင်တာနက် အသုံးပြုမှုဆိုင်ရာ မူဝါဒ/စည်းကမ်းချက်များနှင့် သက်ဆိုင်စေရမည်။ (လက်စွဲစာအုပ်တွင် ကြည့်ပါ)။
4) ဆော့ဖ်ဝဲ မူလတပ်ဆင်ရေးသတ်မှတ်ချက်များနှင့် ကြီးကြပ်အုပ်ချုပ်သူ သိရှိခွင့်များကို စက်ပစ္စည်းကိရိယာကို ပေးအပ်စဉ်က မူရင်းတပ်ဆင်များအတိုင်း ပြုပြင်ပြောင်းလဲထားခြင်း မဖြစ်စေရန် မိဘ/အုပ်ထိန်းသူ တစ်ဦးတည်းကသာ တာဝန်ရှိပါသည်။
5) အသုံးပြုသူ ID နှင့် စကားဝှက်များကို ခွင့်ပြုချက်မရှိသော အသုံးပြုမှုများမှ ကာကွယ်နိုင်အောင် လျှို့ဝှက်ထားရှိရန် မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသားက ပူးတွဲတာဝန်ရှိသည်။

## စက်ပစ္စည်းကိရိယာကာကွယ်ရေး ဆန္ဒအလျောက် အစီအစဉ်

**စက်ပစ္စည်းကိရိယာ ဆုံးရှုံးမှု၊ ခိုးယူခံရမှု သို့မဟုတ် ပျက်စီးမှုအတွက် မိဘ/အုပ်ထိန်းသူက တာဝန်ရှိပါသည်။** စက်ပစ္စည်းကိရိယာ ကာကွယ်ရေးဆန္ဒအလျှောက် အစီအစဉ်ကို ခရိုင်က ရေးဆွဲထားပါသည်။ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် စက်ပစ္စည်းကိရိယာကာကွယ်ရေးအစီအစဉ်အရ စက်ကိရိယာတစ်ခုလျှင် တစ်ကြိမ်သာပေးရမည်ဖြစ်ပြီး နှစ်စဉ်ကြေးဒေါ်လာ၂၀ ပေးချေခြင်းအားဖြင့် မိဘ/အုပ်ထိန်းသူက လျှောက်ထားနိုင်ပါသည်။ စက်ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက်အစီအစဉ်တွင် ပါဝင်ရန်ငြင်းဆိုသော မိဘ/အုပ်ထိန်းသူသည် စက်ပစ္စည်းကိရိယာ ဆုံးရှုံးမှု၊ ခိုးယူခံရမှု သို့မဟုတ် ပျက်စီးမှုကို အစားထိုးမှု သို့မဟုတ် ပြုပြင်မှုအတွက် အမှန်တကယ် ကုန်ကျစရိတ်ကို တာဝန်ယူရပါမည်။ **ဤအစီအစဉ်သည် မိမိဆန္ဒအလျှောက်ပါဝင်နိုင်ပါသည်။**

**ချုံငုံမိခြင်း–** စက်ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက် အစီအစဉ်တွင်ပါဝင်ခြင်းအားဖြင့် လက်ပ်တော့ကွန်ပျူတာ သို့မဟုတ် အခြားအကျုံးဝင်သော စက်ပစ္စည်းကိရိယာများကို အောက်ဖော်ပြပါ အကြောင်းရင်းတစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးမှုမဟုတ်လျှင် မိဘ/အုပ်ထိန်းသူက တစ်စုံတစ်ရာ မကုန်ကျဘဲ ပြုပြင်လဲလှယ်ပေးပါမည်။

1) <u>မရှင်းပြနိုင်သော ဆုံးရှုံးခြင်း သို့မဟုတ် ဆန်းကြယ်စွာ ပျောက်ဆုံးသွားခြင်း</u>– စက်ပစ္စည်းကိရိယာများသည် မည်သည့်နေရာတွင် ရှိမှန်းမသိခြင်းကြောင့် ဆုံးရှုံးမှုကို သိအိုရီအရလည်း ခိုးယူခံရသည့် အခြေအနေများမရှိပါက ခရိုင်ကပြန်ပေးနိုင်ဖွယ် မရှိပါ။
2) <u>စက်ပစ္စည်းကိရိယာ ခိုးယူခံရပါက ရဲအဖွဲ့ကို အသိမပေးခြင်း</u>– စက်ပစ္စည်းကိရိယာများ ခိုးယူခံရပါက မိဘ/အုပ်ထိန်းသူသည် ပစ္စည်းအခိုးခံရသည်ဟု တွေ့ရှိသည်နှင့် ရဲအဖွဲ့ကို ချက်ချင်းအသိပေးရန် လိုပါသည်။ အစီအစဉ်၌ ပါဝင်သူများက ရဲအဖွဲ့ကို အသိပေးရန် ပျက်ကွက်ပါက ဤအစီအစဉ်နှင့် အကျုံးမဝင်ပါ။

3) <u>တမင်ဆောင်ရွက်ချက်များ–</u> ဤမူဝါဒအရ အကျုံးဝင်သည့်ပစ္စည်းကို ထိခိုက်ပျက်စီးစေခြင်းကြောင့် ဆုံးရှုံးမှုသည် ဤအစီအစဉ်နှင့် အကျုံးမဝင်ပါ။
4) <u>မရိုးသားသော အပြုအမူများ–</u> မရိုးသားမှု သို့မဟုတ် တရားမဝင်ဆောင်ရွက်မှုကြောင့် ဆုံးရှုံးမှု ဖြစ်ပါက ဤအစီအစဉ်နှင့် အကျုံးမဝင်ပါ။
5) <u>လူစောင့်မရှိသော ယာဉ်ပေါ်မှ ခိုးယူခံရခြင်း–</u> လုံခြုံစွာသော့ခတ်ထားခြင်း၊ တံခါးများအလုံပိတ်ထားခြင်း၊ ကားထဲသို့ အားဖြင့်ဝင်ရောက်ကြောင်းမြင်တွေ့နိုင်သောအထောက်အထားရှိခြင်းတို့မှအပ လူစောင့်မထားသောယာဉ်ပေါ်မှ ဖြစ်ပေါ်သောထိခိုက်ဆုံးရှုံးမှုသည် ဤအစီအစဉ်နှင့်အကျုံးမဝင်ပါ။
6) <u>ခွင့်ပြုချက်မရသော ပြုပြင်မှုများ–</u> ခရိုင်မှမဟုတ်သော စက်မှုပညာရှင်များက ပြုပြင်ရန် ကြိုးစားထားသည့် သို့မဟုတ် ပြုပြင်ထားသည့် ဆုံးရှုံးမှုများသည် ဤအစီအစဉ်နှင့်အကျုံးမဝင်ပါ။
7) <u>အချိန်မှီ သတင်းမပို့ခြင်း–</u> ၃ ရက်အတွင်း သတင်းမပို့သော ထိခိုက်ဆုံးရှုံးမှုသည် ဤအစီအစဉ်နှင့်အကျုံးမဝင်ပါ။
8) <u>အပိုပစ္စည်းကိရိယာများအတွက် အကျုံးမဝင်ခြင်း–</u> ဤအစီအစဉ်သည် ပါဝါကြိုးများ၊ ကိရိယာအပိုပစ္စည်းများ၊ အိတ်များ၊ အားသွင်းစက်များ သို့မဟုတ် ပေးထားသော အခြားအပိုပစ္စည်းများအတွက် အကျုံးမဝင်ပါ။

ပျက်စီးသွားသော ပစ္စည်းကိရိယာကို ပြုပြင်ရန် လို/မလို သို့မဟုတ် အစားထိုးရန် လို/မလို ခရိုင်က ဆုံးဖြတ်ပါမည်။ ပျက်စီးဆုံးရှုံးမှုအခြေအနေများသည် အစီအစဉ်တွင် အကျုံးဝင်/မဝင် လျော်ကြေးနှင့် အာမခံစီမံခန့်ခွဲရေးဌာန၏ ခရိုင်လုပ်သားများက ဆုံးဖြတ်မည်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်များသည် အတည်ဖြစ်ပါသည်။

## ပစ္စည်းကိရိယာကာကွယ်ရေး မိဘ/အုပ်ထိန်းသူ၏ ဆန္ဒအလျှောက် ရွေးချယ်မှု

ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက်အစီအစဉ်နှင့်ပတ်သက်၍ အောက်ပါရွေးချယ်မှုကိုကျွန်ုပ်ပြုလုပ်ပါသည်။

☐ **သဘောတူပါသည်**။ ကျွန်ုပ်၏ကျောင်းသားကို ခရိုင်၏ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက်အစီအစဉ်တွင် စာရင်းသွင်းလိုပါသည်။ ငွေပေးချေမှု ဒေါ်လာ ၂၀ ကိုလည်းပေးပို့ပါသည်။

☐ **သဘောမတူပါ**။ ကျွန်ုပ်၏ကျောင်းသားကို ခရိုင်၏ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက်အစီအစဉ်တွင် စာရင်းသွင်းရန်အတွက် သဘောမတူပါ။ ပစ္စည်းကိရိယာသည် ခရိုင်၏ပိုင်ဆိုင်မှုအောက်တွင် မရှိချိန်၌ ဆုံးရှုံးမှု၊ ခိုးယူခံရမှု သို့မဟုတ် ထိခိုက်ပျက်စီးမှုကို အစားထိုးရန် သို့မဟုတ် ပြုပြင်ရန် အမှန်တကယ် ကုန်ကျစရိတ်အတွက် ကျနော်တာဝန်ရှိသည်ကို နားလည်ပါသည်။

## မိဘ/အုပ်ထိန်းသူ၏ ဝန်ခံချက်နှင့်လက်မှတ်

ပစ္စည်းကိရိယာနည်းပညာအသုံးပြုမှု တာဝန်ဝတ္တရားများ၊ ကျောင်းသား၏လက်ခံနိုင်သော အသုံးပြုမှုနှင့် အင်တာနက်လုံခြုံရေးလမ်းညွှန်ချက်များ၊ ကျောင်းသားကျင့်ဝတ်နှင့် ပစ္စည်းကိရိယာကာကွယ်ရေးဆန္ဒအလျှောက် အစီအစဉ်တို့ကို ကျနော်ဖတ်ရှုထားခြင်း သို့မဟုတ် ကျနော်အား ရှင်းပြထားခြင်းရှိပြီး ၎င်းတို့ကို နားလည်ပါသည်။ ပစ္စည်းကိရိယာအသုံးပြုမှု တာဝန်ဝတ္တရားများ၊ ကျောင်းသား၏လက်ခံနိုင်သော အသုံးပြုမှု၊ အင်တာနက်လုံခြုံရေး လမ်းညွှန်ချက်များနှင့် ကျောင်းသားကျင့်ဝတ်တို့၌ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ကျွန်ုပ်သည် လေးစားလိုက်နာကာ ကျွန်ုပ်၏ ကျောင်းသားကို လေးစားလိုက်နာခိုင်းရန် သဘောတူပါသည်။ ဤကိရိယာများကို ပညာရေးအတွက်သာ အသုံးပြုဖို့ကန့်သတ်ရန်အတွက်လည်း သဘောသူပါသည်။ကျွန်ုပ်၏ ကျောင်းသားသည် ယခုဖော်ပြပါ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာအောင် ကျနော်အတတ်နိုင်ဆုံး ကြိုးစားပါမည်။ ကျွန်ုပ်၏သားသမီးသည် ဖော်ပြပါ ခရိုင်မှထုတ်ပေးသော ပစ္စည်းကိရိယာနည်းပညာကို ရယူအသုံးပြုရန် ကျွန်ုပ်ခွင့်ပြုပါသည်။

မနှစ်သက်ဖွယ် အကြောင်းအရာများကို ကျောင်းသားက ဝင်ရောက်ကြည့်ရှုမှုမရှိအောင် ပစ္စည်းကိရိယာကာကွယ်သော နည်းစနစ် (သို့မဟုတ် ဝက်ဘ်ဆိုက် စစ်ထုတ်မှု)ကို အမြဲတမ်း အသုံးပြုမှုမှတဆင့် ကန့်သတ်ရန် အိုမာဟာအစိုးရကျောင်းများက အတတ်နိုင်ဆုံးကြိုးစားပါမည်။ သို့သော် ခရိုင်မှပေးသည့် ကျောင်းသား၏ ပစ္စည်းကိရိယာဖြင့် ဝင်ကြည့်နိုင်သည့် အငြင်းပွားဖွယ်ရာ သို့မဟုတ် မသင့်လျော်သော အကြောင်းအရာ အားလုံးကို ထိန်းချုပ်ကန့်သတ်ရန် ခရိုင်အနေနှင့် မဖြစ်နိုင်သည်ကိုလည်း ကျေနော်နားလည်ပါသည်။

ခရိုင်မှထုတ်ပေးသည့်ပစ္စည်းကိရိယာအသုံးပြုရာမှပေါ်ထွက်လာသော ဆုံးရှုံးမှုတခုခုအတွက် ခရိုင်တွင်တာဝန်မရှိသလို ကျောင်းသား၏အသုံးပြုမှုကို ပံ့ပိုးသည့်ပစ္စည်းကိရိယာ သို့မဟုတ် ခရိုင်၏ကွန်ရက်စနစ်ကို အချိန်တိုင်းရရှိမည်ဟု အာမခံခြင်းမရှိနိုင်ပါ။

အထက်ဖော်ပြပါ အခြေအနေများကို လိုက်နာကာ ခရိုင်မှထုတ်ပေးသာ ပစ္စည်းကိရိယာကို ဂရုတစိုက်နှင့် သင့်လျော်စွာ အသုံးပြုရန် တာဝန်ယူကြောင်း ဤစာရွက်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ကျွန်ုပ်သဘောတူပါသည်။ ကျွန်ုပ်ဖြစ်စေ၊ ကျွန်ုပ်ကျောင်းသားဖြစ်စေ ယခုဖော်ပြပါ စည်းကမ်းချက်အားလုံးကို အလေးထားရန် ပျက်ကွက်ပါက ပစ္စည်းကိရိယာ၊ အင်တာနက်နှင့် အခြားအီလက်ထရွန်းနစ် မီဒီယာများထံ ဝင်ရောက်မှုကို နောင်တွင် ငြင်းဆိုခံရနိုင်ကြောင်း ကျွန်ုပ်နားလည်ပါသည်။ ထို့အပြင် အိုမာဟာအစိုးရကျောင်းများ၏ ကျောင်းသားကျင့်ဝတ်တွင်ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်၏ကျောင်းသားကို စည်းကမ်းကြပ်မတ်အရေးယူနိုင်ပါသည်။ အိုမာဟာအစိုးရကျောင်းများ၊ ၎င်း၏အရာရှိများ၊ ဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ၊ ခရိုင်နှင့် ဆက်စပ်နေသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုအား ခရိုင်၏ကျောင်းသားကိရိယာကို ကျွန်ုပ်၏ကျောင်းသား သို့မဟုတ် ကျွန်ုပ်၏ အသုံးပြုမှုကြောင့် ပေါ်ထွက်လာသည့် ထိခိုက်ပျက်စီးမှုများအတွက် တာဝန်ရှိမှု၊ ဆုံးရှုံးမှု၊ ကုန်ကျမှု သို့မဟုတ် တောင်းဆိုမှုများမှ ထိခိုက်မှုမရှိအောင် ကာကွယ်ပေးပါသည်။

| မိဘ/အုပ်ထိန်းသူအမည် (စာဖြင့်ရေးရန်)– | |
|---|---|
| ရက်စွဲ– | မိဘ/အုပ်ထိန်းသူလက်မှတ်– |

## ကျောင်းသူ/သားအချက်အလက်

| | |
|---|---|
| ကျောင်းသူ/သားအမည် နောက်ဆုံးတလုံး– | |
| ကျောင်းသူ/သားအမည် ပထမဆုံးတလုံး– | |
| အတန်း/ကျောင်းသားမှတ်ပုံတင်အမှတ်– | |

## ကျောင်းသား၏လက်ခံနိုင်လောက်သောအသုံးပြုမှုနှင့် အင်တာနက်လုံခြုံရေး လမ်းညွှန်ချက်များ

အိုမာဟာအစိုးရကျောင်းများက အောင်မြင်မှုရှိစေရန်နှင့် ပြုလွယ်ပြင်လွယ်ရှိသော သင်ယူမှုအခွင့်အလမ်းများ ပေးနိုင်ရန် နည်းလမ်းတစ်ခုအဖြစ် မျက်နှာချင်းဆိုင် သင်ကြားမှုတွေရော နေအိမ်တွင်ပါ ကျောင်းသားများကို တက်ဘလက် သို့မဟုတ် လက်ပ်တော့ ကွန်ပျူတာ လွှဲအပ်ပေးထားနိုင်ပါသည်။ ဤကွန်ပျူတာကိရိယာများ ထုတ်ပေးထားသည့် ကျောင်းသားများနှင့် မိသားစုများထံမှ ခရိုင်က မျှော်လင့်ထားသော အချက်များကို ၎င်းလမ်းညွှန်ချက်များရှိ သတင်းအချက်အလက်များမှာ ဖော်ပြထားပါသည်။ ဤလမ်းညွှန်ချက်များအပြင် ခရိုင်မှပေးထားသော နည်းပညာ သို့မဟုတ် ကွန်ရက်ကို အသုံးပြုရာတွင် ကျောင်းသားများက အိုမာဟာအစိုးရကျောင်း၏ ကျောင်းသားကျင့်ဝတ်ကို လိုက်နာရန်လည်း လိုအပ်ပါသည်။ နောက်ထပ်လမ်းညွှန်ချက်များကို လိုအပ်သလို ပေါင်းထည့်နိုင်ပြီး ဤနေရာတွင် ထပ်ဖြည့်နိုင်ပါသည်။ ကျောင်းသား၏ လက်ခံနိုင်လောက်သော ပစ္စည်းကိရိယာ အသုံးပြုမှုနှင့် အင်တာနက်လုံခြုံရေးလမ်းညွှန်ချက်များကို သင်ဖတ်ရှု နားလည်ကြောင်း ဖော်ပြရန်အတွက် အောက်ပါအကွက်တိုင်းတွင် **ကျေးဇူးပြု၍ အမည်၏အစစာလုံးဖြင့်** **ရေးထိုးပေးပါ**။

**ကျောင်းသားတာဝန်များ–** ကျောင်းသားများက ခရိုင်၏ပစ္စည်းကိရိယာကို တာဝန်သိစွာအသုံးပြုရမည်။ ပစ္စည်းနှင့် ခရိုင်၏ကွန်ရက်အရင်းအမြစ်များကို သင့်တော်သလို လက်ခံနိုင်လောက်သော အသုံးပြုမှုအကြောင်း နားလည်ရမည်။ ကျောင်းသားများသည် ခရိုင်မှထုတ်ပေးသော ပစ္စည်းကိရိယာများကို လုံခြုံစိတ်ချစွာနှင့် မပျက်မစီးအောင် ထိန်းသိမ်းရမည်။ ကျောင်းသားများနှင့် မိသားစုများက ခရိုင်မှ ပေးထားသောပစ္စည်းကိရိယာကို ဂရုတစိုက် ထိန်းသိမ်းရန် မိမိအသိစိတ်ဖြင့် အသုံးချရမည်။ ကျောင်းသားများသည်–

1) ကျောင်းတွင်ဖြစ်စေ၊ ကျောင်းပြင်ပတွင်ဖြစ်စေ ပစ္စည်းကိရိယာကိုအသုံးပြုတိုင်း ဤလမ်းညွှန် ချက်များနှင့်တကွ အိုမာဟာအစိုးရကျောင်းသားလက်စွဲစာအုပ်နှင့် ကျောင်းသားကျင့်ဝတ်တို့၌ ဖော်ပြထားသော လမ်းညွှန်ချက်များကို လိုက်နာရမည်။
2) ပစ္စည်းကိရိယာကို ကျောင်းသို့ယူလာရာတွင် အားအပြည့်ဖြစ်နေရန်အတွက် **မိမိ၏ပစ္စည်းကိရိယာကို ပုံမှန်အားသွင်းရမည်** (စာသင်ခန်းများတွင် နေ့ဘက်၌ ကျောင်းသားများက မိမိ၏ပစ္စည်းကိရိယာကို အားသွင်းရန် ပြင်ဆင်ထားခြင်းမရှိပါ။
3) အွန်လိုင်းတွင်ရှိနေစဉ် အပြုသဘောဆောင်သောနိုင်ငံသားကောင်းအဖြစ်ပြသရမည်။ ကျောင်းသားများသည် ဆက်သွယ်မှုအားလုံးတွင် စော်ကားမှု၊ ညစ်ညမ်းမှု၊ အနှောင့်အယှက်ပေးမှု သို့မဟုတ် နှိုးဆွမှု ဖြစ်စေသော စကားများကို ရှောင်ရှားပြီး သင့်လျော်သော အပြောအဆိုကို အသုံးပြုသင့်ပါသည်။ တစ်စုံတစ်ယောက်က ခရိုင်မှပိုင်ဆိုင်သော သို့မဟုတ် ကိုယ်ပိုင်ဖြစ်စေ နည်းပညာကိုအသုံးပြုနေစဉ် ကိုယ်ရေးကိုယ်တာ တိုက်ခိုက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများအပါအဝင် ဆိုက်ဘာအနိုင်ကျင့်မှုများကို ခွင့်မပြုသလို တာဝန်ကျ ကျောင်းဝန်ထမ်းကို သတင်းပို့ရမည်။
4) တက်ဘလက် သို့မဟုတ် လက်ပတော့တွင် ပါဝင်သော အင်တာနက်စစ်ထုတ်မှုများ နှင့် လုံခြုံရေး စနစ်များကို လေးစားရမည်။ ကျောင်းသားက ကျောင်းတွင်ဖြစ်စေ၊ အခြားသော ကိုယ်ပိုင် သို့မဟုတ် အများပိုင် ကွန်ရက်တွင် ရှိနေစဉ်ဖြစ်စေ၊ ကျောင်းသား၏ ကွန်ပျူတာကိရိယာအားလုံးကို အင်တာနက် အကြောင်းအရာများ စစ်ထုတ်ရန်ရွေးချယ်သတ်မှတ်ထားပါသည်။
5) အရေးကြီးသော ဒေသာဖိုင်များကို အရန်အဖြစ် ပုံမှန်သိမ်းဆည်းပါ။ ကျောင်းသားများသည့် ပေးထားသော Office 365 OneDrive သိမ်းဆည်းရန် နေရာကို အသုံးပြုပြီး Cloud ပေါ်တွင် ဖိုင်များသိမ်းရန် ခွင့်ပြုထား ပါသည်။ အိုမာဟာအစိုးရကျောင်းသည် ကိရိယာများကို အခါအားလျော်စွာ ပုံစံတူပြုလုပ်ခြင်းဖြင့်

အသစ်ပြင်ဆင်ပြီး ထိန်းသိမ်းပါမည်။ ဤပြုပြင်ထိန်းသိမ်းမှုကို ကျောင်းသား များအား ကြိုတင်အသိပေးပါမည်။ ဆာဗာ သိမ်းဆက်းမှုနေရာ သို့မဟုတ် အခြားသိမ်းဆည်းမှု မီဒီယာများတွင် အရန်မသိမ်းထားသော ကျောင်းသားဖိုင်အားလုံးသည် ထိုလုပ်ငန်းစဉ်များအတွင်း ပျောက်ပျက်နိုင်ပါသည်။ ဖိုင်များအရန်သိမ်းခြင်းနှင့်ပတ်သက်၍ နားမလည်ပါက အကူအညီတောင်းပါ။

6) ကျောင်းနှင့်ဆက်စပ်သော ရည်ရွယ်ချက်များအတွက်သာ ပစ္စည်းကိရိယာကိုအသုံးပြုပါ။ စီးပွားဖြစ် သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်များအတွက် အသုံးပြုမှုမှ ရှောင်ရှားပါ။
7) မူပိုင်ခွင့် ဥပဒေများနှင့် မျှတစွာအသုံးပြုရေးလမ်းညွှန်ချက်များကို လိုက်နာပါ။ ကျောင်းသားက ထုတ်လုပ်အသုံးပြုရန် အခွင့်အာဏာရှိသော သို့မဟုတ် တရားဝင်ခွင့်ပြုထားသော သီချင်း၊ ဗီဒီယို သို့မဟုတ် အခြားအကြောင်းအရာများကို ဒေါ်လုတ်ယူပါ သို့မဟုတ် ထည့်သွင်းပါ။
8) ခရိုင်ပစ္စည်းကိရိယာကိုသုံးပြီး အင်တာနက်ပေါ်ရှိ တစ်နေရာရာမှ အပြန်အလှန်ပေးပို့/ရယူသော မက်ဆေ့ သို့မဟုတ် ဖိုင်တစ်ခုခုကို ကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် ဆရာ/မက စစ်ဆေးနိုင်အောင် ဖွင့်ပေးပါ။ ကျောင်းသားများသည် ခရိုင်ကပိုင်ဆိုင်သောပစ္စည်းကိရိယာပေါ်တွင် ကိုယ်ရေးလုံခြုံမှု သင့်တော်သလိုရှိမည်ဟု မျှော်လင့်ထား၍မရကြောင်း ကျောင်းသားများကို အသိပေးပါသည်။ ခရိုင်က ပိုင်ဆိုင်သော နည်းပညာဖြင့်သိမ်းဆည်းသော ဖိုင်များဖြစ်စေ၊ ဤနည်းဖြင့် ရယူ/ဒေါင်းလုတ်ယူသော သို့မဟုတ် လွှဲပြောင်းသော သတင်းအချက်အလက်များဖြစ်စေ ခရိုင်က အချိန်မရွေး ကြည့်ရှုခြင်း၊ စောင့်ကြည့်ခြင်း သို့မဟုတ် မှတ်တမ်းသိမ်းဆည်းခြင်း ပြုလုပ်နိုင်ပါသည်။
9) ကျောင်းကွန်ပျူတာများ၊ ကွန်ရက် သို့မဟုတ် အင်တာနက် ချိတ်ဆက်မှု၌ လုံခြုံရေး ပြဿနာတစ်ခုခုတွေ့ ရှိပါက ဆရာ/မ သို့မဟုတ် အစိအစဉ် ညွှန်ကြားရေးမှူးကို ချက်ချင်းအသိပေးပါ။

## ကျောင်းသားကို ကန့်သတ်ချက်များ– ကျောင်းသားများသည် အောက်ပါတို့ကို မပြုလုပ်ရ–

1) တက်ဘလက်၊ လက်ပ်တော့ သို့မဟုတ် ခရိုင်မှထုတ်ပေးသောအိတ်များပေါ်တွင်ရေးခြစ်ခြင်း၊ ပုံဖျက်ခြင်း သို့မဟုတ် စတစ်ကာများကပ်ခြင်း။
2) ကိုယ်ရေးအချက်အလက်များ၊ ဖိုင်များ သို့မဟုတ် ဆက်သွယ်မှုများကို သူစိမ်းများအား အီးမေးလ် သို့မဟုတ် အင်တာနက်ပေါ်မှ အခြားနည်းလမ်းများဖြင့် ဖော်ပြခြင်း သို့မဟုတ် ပို့စ်တင်ခြင်း။
3) **အင်တာနက် စစ်ထုတ်မှု** ဆော့ဖ်ဝဲ၊ ကိရိယာဆက်တင် သို့မဟုတ် ကွန်ရက် သတ်မှတ်ချက်များကို ဖုံးလွှမ်းရန်၊ ကျော်လွှားရန် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲရန် ကြိုးစားခြင်း။
4) မိမိ၏ခွင့်ပြုထား၍ဝင်ရောက်မှုကို ကျော်လွန်ပြီး ကွန်ရက်များနှင့်အခြားနည်းပညာများကို ဝင်ရောက်ရန် ကြိုးစားခြင်း။ ဤအထဲတွင် အခြားသူ၏အကောင့် သို့မဟုတ် စကားဝှက်ကို အသုံးပြုရန် သို့မဟုတ် လုံခြုံသော ကြိုးမဲ့ကွန်ရက် များထဲသို့ဝင်ရောက်ရန် ကြိုးစားခြင်းများ ပါဝင်ပါသည်။
5) **စကားဝှက်များ ပြောပြခြင်း သို့မဟုတ် စကားဝှက်များ သိရှိအောင် ကြိုးစားခြင်း။** စကားဝှက်ပြောပြခြင်းကို ခွင့်မပြုပါ။ ခွင့်မပြုသော အသုံးပြုမှုကြောင့် ပြဿနာများဖြစ်လာပါက သင့်ကို စည်းကမ်းကြပ်မတ်အရေးယူနိုင်သလို အခြားသူများ၏ ဆောင်ရွက်ချက်များအတွက် တာဝန်ခံစေနိုင်ပါသည်။
6) အင်တာနက် သို့မဟုတ် အခြားအရင်းအမြစ်များမှ ပရိုဂရမ်၊ ဖိုင် သို့မဟုတ် ဂိမ်းတစ်ခုခုကို ခရိုင်မှ ပိုင်ဆိုင်သော နည်းပညာတစ်ခုခုထဲသို့ **ဒေါ်လုတ်ယူခြင်းနှင့်/သို့မဟုတ် ထည့်သွင်းခြင်း။** ဤအထဲတွင် ကွန်ပျူတာ ဗိုင်းရပ်စ်များ နှင့် အခြားမသမာသော ဆော့ဖ်ဝဲများ တမင်ထည့်သွင်းခြင်းလည်းပါဝင်ပါသည်။
7) ကိရိယာ၏ ဟာ့ဒ်ဝဲ သို့မဟုတ် ဆော့ဖ်ဝဲကို ကလိခြင်း၊ ကွန်ပျူတာများထဲသို့ ခွင့်မပြုဘဲဝင်ရန် ကြိုးစားခြင်းနှင့်/သို့မဟုတ် **ကွန်ပျူတာ** သို့မဟုတ် ကွန်ပျူတာဖိုင်များကို ထိခိုက်ဖျက်ဆီးခြင်း။ အခြားကွန်ပျူတာ သို့မဟုတ် ဆော့ဖ်ဝဲများကို တမင်ဖြစ်စေ၊ မသိ၍ဖြစ်စေ ထိခိုက်စေခြင်းသည်လည်း ရာဇဝတ်မှုဖြင့် အရေးယူခံရနိုင်ပါသည်။

8) ကျောင်းဝင်းထဲတွင် လက်မခံနိုင်သော အကြောင်းအရာ တစ်ခုခုကို ရှာဖွေရန်၊ ကြည့်ရှုရန်၊ မျှဝေရန် သို့မဟုတ် သိမ်းဆည်းရန် ကြိုးစားခြင်း။ ဤအထဲတွင် ညစ်ညမ်းသော၊ ရိုင်းစိုင်းသော၊ ထင်ထင်ရှားရှား အကြမ်းဖက်သော သို့မဟုတ် ရှန့်ရင်းကြမ်းတမ်းသော ရုပ်ပုံ၊ အသံ၊ သီချင်း၊ ဘာသာစကား၊ ဗီဒီယို သို့မဟုတ် စသည့်အကြောင်း အရာများ အကန့်အသတ်မထားဘဲ ပါဝင်ပါသည်။
9) မိမိ၏ပစ္စည်းကိရိယာ သို့မဟုတ် အားသွင်းစက်နှင့် ကြိုးများကို အခြားသူများအား ငှားရမ်းခြင်း။
10) ပစ္စည်းကိရိယာကို ကားထဲတွင်ထားခဲ့ခြင်း သို့မဟုတ် မည်သည့်အချိန်တွင်မဆို လူစောင့်မရှိဘဲ ထားခဲ့ခြင်း။
11) ပစ္စည်းကိရိယာအသုံးပြုနေစဉ် စားသောက်နေခြင်း သို့မဟုတ် အနီးအနားတွင် အစားအသောက်နှင့် ဖျော်ရည်များ ထားရှိခြင်း။
12) စားပွဲအစွန်း၊ ကြမ်းပြင်၊ ထိုင်ခုံ သို့မဟုတ် အိမ်မွေးတိရိစ္ဆာန်များကဲ့သို့ အန္တရာယ်ရှိသော နေရာများတွင် ပစ္စည်းကိရိယာများကို အသုံးပြုခြင်း သို့မဟုတ် ထားခဲ့ခြင်း။
13) သင့်ပစ္စည်းကိရိယာအပေါ်တွင် အရာဝတ္ထုများ ထပ်ထားခြင်း၊ အပြင်တွင် ထားခဲ့ခြင်း သို့မဟုတ် ရေကူးကန်ကဲ့သို့ ရေပြင်အနီးတွင် အသုံးပြုခြင်း။

## ကျောင်းသူ/သား၏ ဝန်ခံချက်နှင့်လက်မှတ်

ကျောင်းသူ/သား၏ လက်ခံနိုင်လောက်သော ပစ္စည်းကိရိယာအသုံးပြုမှု၊ အင်တာနက် လုံခြုံရေး လမ်းညွှန်ချက်များနှင့် ကျောင်းသားကျင့်ဝတ်တို့ကို ကျွန်ုပ်/မဖတ်ရှုထားခြင်း သို့မဟုတ် ကျွန်ုပ်အား ရှင်းပြထားခြင်း ရှိပြီး ၎င်းတို့ကို နားလည်ပါသည်။ ကျောင်းသား၏ လက်ခံနိုင်လောက်သော ပစ္စည်းကိရိယာအသုံးပြုမှု၊ အင်တာနက်လုံခြုံရေး လမ်းညွှန်ချက်များနှင့် ကျောင်းသားကျင့်ဝတ်တို့၌ ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် ကျွန်ုပ်သဘောတူပါသည်။ ဤပစ္စည်းကိရိယာများကို ပညာရေးအတွက်အသုံးပြုရန် ကျွန်ုပ်သဘောတူပါသည်။

| နေ့စွဲ– | ကျောင်းသူ/သားလက်မှတ်– |
|---|---|